**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ SSE / NM / ၁၂ /၂၀၂၃

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မေလ ၁၂ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ (၁) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၁၂.၅.၂၀၂၃) ရက်စွဲပါ စာအမှတ်၊ SSE/NM/၁၁/၂၀၂၃

(၂) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၁၂.၅.၂၀၂၃) ရက်စွဲပါ စာအမှတ်၊ ပဆ-၂/ရက(General) MOCHA (၅/၉၇)

၁။ ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နေသည့် အားကောင်းသောဆိုက်ကလုန်းမုန်တိုင်း "မိုခါ (MOCHA)" သည် မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်တိုက်ခတ်နေပါသဖြင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်း နှင့် လှိုင်းကြီးခြင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း (၁၂.၅.၂၀၂၃)ရက်နေ့မှ (၁၅.၅.၂၀၂၃) ရက်နေ့အတွင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်၊ ကမ်းလွန်ပင်လယ်ပြင်နှင့် မြစ်ဝမြစ်လက်တက်များအတွင်း ခုတ်မောင်းသွားလာလျက်ရှိသော/ ခိုလှုံရပ်နားလျက်ရှိသော ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ၊ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ အပျော်စီးခရီးသွားလှေများ၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်များနှင့် စက်တပ်သမ္ဗာန်များ ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် အရေးပေါ်စီမံချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ရည်ညွှန်းချက်(၁)ပါစာဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါမုန်တိုင်းသည် ယနေ့မှစ၍ နောက်(၄၈)နာရီအတွင်း စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းချက်ထုတ်ပြန်ထားပြီးဖြစ်ရာ လက်ရှိအခြေအနေတွင် မုန်တိုင်းသည် လေတိုက်နှုန်းအမြင့်ဆုံး တစ်နာရီ မိုင် (၁၁၀) အထိ ရောက်ရှိနိုင်ပြီး လှိုင်းအမြင့်မှာလည်း

(၁၃ ပေ မှ (၁၆) ပေအထိ ရောက်ရှိနိုင်မည်ဖြစ်ပါသဖြင့် ငါးဖမ်းရေယာဉ်/လှေ/သင်္ဘောများ အထူးအန္တရာယ်ရှိသည့်အတွက် ယနေ့မွန်းတည့် (၁၂:၀၀) နာရီ အချိန်မှစတင်၍ မုန်တိုင်း သက်ရောက်ရာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်သို့ မည်သည့် ငါးဖမ်းရေယာဉ်/ လှေ / သင်္ဘောများ လုံးဝ (လုံးဝ) မထွက်ရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။ ဤရေကြောင်းသတိပေးချက် (Notice to Mariners) အား လိုက်နာဆောင်ရွက်ခြင်းမရှိပါက အရေးယူဆောင်ရွက်ခြင်းခံရမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

မိုးကျော်-ညွှန်ကြားရေးမှူး(SSE)